mgyoe.com

# ပုစ္ဆာတိုင်း၌အဖြေရှိ၍ လုပ်ချင်တာဖြစ်နိုင်သည့် တိုးတက်ရေးလက်စွဲ

ပီ–မိုးနင်း၊ ဒဂုန်နတ်ရှင်၊ ဦးပဂျိုင်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# ပုစ္ဆာတိုင်း၌အဖြေရှိ၍ လုပ်ချင်တာဖြစ်နိုင်သည့် တိုးတက်ရေးလက်စွဲ

ဗီ-မိုးနှင်း၊ အဂုန်နတ်ရှင်၊ ဦးပကျိုင်

ISBN 9789997115522
PMN37
9 789997 115522
1,300.00KS

mgyoe.com

mgyoe.com

ဤစာအုပ်မှ
ဆရာကြီးပီ–မိုးနင်း၏ ဆောင်းပါးများမှာ
အခြားဆောင်းပါးအချို့နှင့် တွဲဖက်၍
တိုးတက်ရေးလက်စွဲအမည်ဖြင့်
ထုတ်ဝေပြီး ဖြစ်သော်လည်း
ကျန်ဆရာကြီးနှစ်ဦး၏
ဆောင်းပါးလက်ရာကောင်းများကိုလည်း
ပြန်လည်ဖော်ထုတ်လိုရင်း ရှိသောကြောင့်
မူလပေါင်းစဂ် စာအုပ်မူအတိုင်း
ထပ်မံရိုက်နှိပ် ဖြန့်ချိရပါသည်။

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၃၀၀ ကျပ်

၀၉၀ · ၀၃

ပုဂ္ဂိုလ်တိုင်း၌အမြေရှိ၍လုပ်ချင်တာဖြစ်နိုင်သည့်တိုးတက်ရေးလက်စွဲ
ပီ–မိုးနင်းအဂ္ဂနိနတ်ရှင်ဦးပကျိုင် ၊ ‌နေ့ကုန်၊
စိတ်ကူးချိုချိုစာပေ၊ဒုတိယအကြိမ်၊ ၂၀၁၃၊
စာမျက်နှာ ၃၉၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ပုဂ္ဂိုလ်တိုင်း၌အမြေရှိ၍လုပ်ချင်တာဖြစ်နိုင်သည့်တိုးတက်ရေးလက်စွဲ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုဆ္ဆာတိုင်း၌အဖြေရှိ၍ လုပ်ချင်တာဖြစ်နိုင်သည့် တိုးတက်ရေးလက်စွဲ

ပီ–မိုးနင်း၊ ဒဂုန်နတ်ရှင်၊ ဦးပဂျိုင်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ပုဏ္ဏာတိုင်း၌ အဖြေရှိ၍

# လုပ်ချင်တာ ဖြစ်နိုင်သည့်

တိုးတက်ရေးလက်စွဲ

---

ပီ-မိုးနင်း၊ ဒဂုန်နတ်ရှင်၊ ဦးပဂိုဒို

mgyoe.com

mgyoe.com



# တိုးတက်ရေးလက်စွဲ

## မင်းယုဝေ

တစ်လောက ခင်မင်ရင်းနှီးသော မိတ်ဆွေကထိက ဆရာဦးဝင်းမွန် (တက္ကသိုလ် ဝင်းမွန်) က ကျွန်တော့်ကို စာအုပ်ဟောင်းတစ်အုပ် လက်ဆောင်ပေးသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ထုတ်ဝေသော စာအုပ်ဖြစ်ဟန် တူသည်။ ၁၃၁၄ ခု၊ နတ်တော်လ (၁၉၅၂ ခု) တွင် ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေကြောင်း ဖော်ပြထားသည်။ တန်ဖိုးမှာ တစ်အုပ်လျှင် ၂ ကျပ် ဖြစ်သည်။ တိုးတက်ရေး သတင်းစာတိုက်က ပုံနှိပ်ထုတ်ဝေသည်။

စာအုပ်၏အမည်မှာ "တိုးတက်ရေးလက်စွဲ" ဟူ၍ ဖြစ်သည်။ နိုင်ငံကျော် စာရေးဆရာကြီးများဖြစ်သော ဆရာကြီးပီမိုးနင်း၊ ဆရာကြီးဒဂုန်နတ်ရှင်၊ ဆရာကြီး ဦးပဂျိုငိုတို့၏ ဘဝတိုးတက်ရေးဆိုင်ရာ ဆောင်းပါးများကို စုစည်းထုတ်ဝေသော စာအုပ်ဖြစ်သည်။ ဆရာကြီးပဂျိုငိုက စီစဉ်တည်းဖြတ် ထုတ်ဝေသည်။

စာအုပ်အမှာစာကလည်း ထူးခြားသည်။ စူးရှထက်မြက်လှသည်။ တန်ဖိုးရှိလှသည်။

"တစ်မိနစ်ဆိုသောအချိန်သည် အခြားသူများ၌ အဖိုးမတန်၊ အရေးမကြီး လှသော်လည်း တစ်မိုင်ပြေးပွဲကို ဝင်ရောက်ကာ အပြေးပြိုင်ကြသူများအတွက် ၌ကား တစ်မိနစ်ကို မဆိုထားဘိ၊ မိနစ်ဝက်ပင်လျှင် တစ်ကမ္ဘာလုံးတွင် အတော်ဆုံးဟု ခေါ်ဆိုသမုတ်ခြင်းခံရလောက်အောင် အရေးကြီးလေသည်။

mgyoe.com

mgyoe.com

ထို့အတူ တစ်လတည်းဟူသောအချိန်သည် သူတစ်ပါး၌ အရေးမကြီး၊ အဖိုးမတန်လှသော်လည်း တကယ်တိုးတက်ကြီးပွားလိုသူအတွက်ကား တစ်လကို မဆိုထားဘိ၊ တစ်နေ့၊ တစ်ရက်ပင်လျှင် မဆုံးဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်လေသည်။ ထို့ကြောင့် ချစ်မိတ်ဆွေသည် တကယ်တမ်း တိုးတက်ကြီးပွားလိုပါလျှင် သာမန် လူစားများကဲ့သို့ မိမိ၏အချိန်ကို အလဟဿအချည်းနှီးမဖြစ်စေဘဲ နေ့စဉ်နေ့တိုင်း မိမိ၏တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်းများကိုသာ အာရုံပြု၍ အစဉ်ကြိုးစား လုပ်ကိုင်နေရမည်။ သို့လုပ်ကိုင်နေရာ တစ်ခါတစ်ခါ စိတ်ပျက်၍၊ တစ်ခါတစ်ခါ စိတ်ညစ်ဖွယ်လိမ့်မည်။ တစ်ခါတစ်ခါ အခက်နှင့် တွေ့ကြုံ၍၊ တစ်ခါတစ်ခါ ဒုက္ခနှင့် တွေ့ကြုံရပေလိမ့်မည်။ ထိုကဲ့သို့ စိတ်ပျက်တိုင်း စိတ်ပျက်တိုင်း၊ စိတ်ညစ်တိုင်း၊ စိတ်ညစ်တိုင်း၊ ဒုက္ခနှင့်တွေ့ကြုံတွေ့ကြုံတိုင်း ဤစာအုပ်ကို ဖတ်ပါ။ ထိုအခါ ဤတိုးတက်ရေးလက်စွဲ၏ တန်ခိုးသတ္တိ အကျိုးကျေးဇူးကို သင်ချစ်ဆွေ အထူးခံစားရပါလိမ့်မည်။"

ဤသို့လျှင် အမှာစာ၌ဆိုထားသည်။ ဆိုထားသည့်အတိုင်းလည်း ဆရာကြီး သုံးဦး ရေးသားတင်ပြထားသော ဆောင်းပါးများမှာ တန်ဖိုးရှိလှသည်။ ဘဝတိုးတက်ရေးအတွက် အထူးအကျိုးပြု စာကောင်းပေမွန်များ ဖြစ်သည်။

ဤစာအုပ်တွင် ဆရာကြီး ဦးပဂျိုဒို၏ စာ ၁၁ ပုဒ် ပါသည်။ အားလုံးပင် ကောင်းမွန်သည်။ မှတ်သားဖွယ်ဖြစ်သည်။ လိုက်နာဖွယ်ဖြစ်သည်။ ပုံစံအဖြစ် စာတိုတစ်ပုဒ်ကို ထုတ်ပြလိုပါသည်။ ထိုစာကို 'တိုးတက်လိုလျှင် ဘယ်စာမျိုးကို ဖတ်ရအံ့နည်း'ဟူ၍ ခေါင်းစဉ်တပ်ထားသည်။ ရှုပါ။

'တိုးတက် ကြီးပွားလိုသူများအတွက် စာဖတ်ခြင်း၌ ရည်ရွယ်ချက် သုံးခုရှိရမည်။ (၁) မိမိလက်ရှိ ဘေးကို ပျောက်ကင်းရန်။ (၂) လာမည့်ဘေးကို ကာကွယ်ရန်။ (၃)အလုပ်သစ်များကို အမြင်ကျယ်၍ ထူးခြားစွာ စိတ်ကူးပြီးလျှင် စာတင်လုပ်ကိုင်နိုင်ရန်။ ၎င်းအချက် ၃ ချက်ကို ပဓာနထား၍ တိုးတက်ကြီးပွားလိုသူတို့သည် စာများကို ရွေးချယ်စိစစ်၍ ဖတ်ရမည်။'

(ပဂျိုဒို)

စာအုပ်တွင် ဆရာကြီးပီမိုးနင်း၏ ဆောင်းပါးငါးပုဒ်ပါဝင်သည်။ ထိုငါးပုဒ်စလုံးမှာလည်း တန်ဖိုးရှိလှသည်။ ယင်းတို့အနက် 'မသေနိုင်သောနည်း' ဆောင်းပါးမှ အနည်းငယ်မျှကို ကောက်နုတ်တင်ပြအပ်ပါသည်။ ရှုပါ၊

mgyoe.com

mgyoe.com

'လောက၌ လူနှစ်မျိုး ရှိ၏။ တစ်မျိုးက လူဖြစ်မျိုး၊ တစ်မျိုးက လူပျက်မျိုး ဖြစ်လေသည်။

လူဖြစ်သည် လုပ်သမျှ၊ ကိုင်သမျှ၊ ကြံသမျှ၌ အဖြစ်ကိုသာ မြင်သည်။ အပျက်ကိုမမြင်။ အဖြစ်ကိုသာတွေး၍ အပျက်ကိုမတွေး၊ အနိုင်ကိုသာ ထင်မြင်၍ အရှုံးကို မထင်မမြင်။ ထိုအမျိုး၏စိတ်သည် အမြဲထောင်လျက် မလုပ်မီကပင် စိတ်မှာ အောင်မြင်၍ ပြီးကြလေသည်။ စိတ်၌ အောင်မြင်၍ပြီးသည့်နောက် လုပ်ရာ၌ အောင်မြင်ဖို့ရန် မခက်တော့ပေ။

လူပျက်မျိုးမှာကား အပျက်ကိုမြင်၊ အပျက်ကိုတွေး၊ အပျက်ကိုမျှော်၊ အပျက်ကို ခေါ်ကြလျက် မလုပ်မီကပျက်၍ နေကြသဖြင့် လုပ်သောအခါ ပျက်စီးဆုံးရှုံးခြင်းနှင့် တွေ့ကြရလေသည်။

အချို့သော သူများသည် အသိပညာ ဉာဏ်အစွမ်းသတ္တိနှင့် များစွာ မပြည့်စုံကြဘဲလျက် ကြီးပွားအောင်မြင်၍သာ နေကြ၏။ ၎င်းတို့၏လက်နှင့် ထိသမျှသောအရာတို့မှာ အောင်မြင် အထမြောက်ရလေသည်။ 'မြင်းမှာ ချို မပေါက်'ဟူသော စကားကဲ့သို့ ထိုလူမျိုးမှာ အသိပညာဉာဏ်အစွမ်းသတ္တိ အရည်အချင်းတည်းဟူသော ဦးချိုအရာ၌ များစွာ မခိုင်လုံကြပေ။ သို့သော်လည်း မျှော်လင့်ကိုးစား အားထားယုံကြည်သောစိတ် ခိုင်မြဲခြင်းကြောင့် ကြီးပွားအောင်မြင်ကြလေသည်။

(ပီမိုးနင်း)

အထက်ပါ ဆရာကြီးနှစ်ဦး၏ဆောင်းပါးနည်းတူပင် ဆရာကြီးဒဂုန် နတ်ရှင်၏ ဆောင်းပါးများမှာလည်း တန်ဖိုးရှိသည်။ စာအုပ်တွင် ဆရာကြီး ဒဂုန်နတ်ရှင်၏ ဆောင်းပါးငါးပုဒ်ပါဝင်သည်။ ယင်းတို့အနက် 'လုပ်သမျှကို သတိပြု'ဆောင်းပါးမှ အမြွက်မျှကို ထုတ်နုတ်တင်ပြအပ်ပါသည်။ ရှုပါ၊

'အလုပ် လုပ်ကိုင်ရာ၌ဖြစ်စေ၊ ပြုလုပ်သမျှကိစ္စမှန်လျှင် ကြီးသည် ငယ်သည်မဟူ၊ အရေးတယူ ပြုလုပ်ကြရမည်ဖြစ်၏။ သေချာဂန စစ်ဆေး၍ ပြုလုပ်သော အလုပ်မှန်သမျှတို့သည် အမှန်ပင် မှီခိုအားထားလောက်၏။ အမှတ်မဲ့ကြံစည်၍ လျော်စွာ ပြုလုပ်သောအလုပ်မှာ မုချ ပျက်စီးရမည် ဖြစ်လေသည်။

သေးငယ်သော ကိစ္စကလေးကို ပြုလုပ်သည့်အခါ၌ပင်လျှင် အကြွင်းမဲ့ ပြည့်စုံအောင်လုပ်ကိုင်သင့်၏။ ဒုတိယတန်းစား အဖြစ်မျိုးကို လုပ်ကိုင်ကြ

mgyoe.com

mgyoe.com

စည်လေ့ရှိသူသည် ပထမတန်းသို့ ဘယ်အခါမျှ မတက်လိုကြချေ။ ဒုတိယတန်း၌ပင် မွေ့လျော်တတ်ကြ၏။ မိမိတို့ ကိုယ်ကိုပင် အပေါစား ဖြစ်အောင် လုပ်သကဲ့သို့ ဖြစ်တတ်၏။ လူသည် ကုန်စည်ဝတ္ထုပစ္စည်းကဲ့သို့ စီးပွားရှာရာ၌ တိုးတက်ခြင်း၊ ဆုံးရှုံးခြင်းများကို ဖြစ်စေ၏။

ကုန်များကို ဝယ်ယူရာ၌ လက်ယောင်းကိုသာ ရွေးချယ်၍ ဝယ်ယူတတ်ကြလေသည်။ အဘယ်ကြောင့်နည်း။ လက်သစ်မှာ ဈေးပေါ၏။ အမျိုးညံ့အောင် စီမံရောင်းချမှသာလျှင် ပေါပေါရောင်းနိုင်မည် ထင်မှတ်မှားပြီး တစ်ခေတ်မီရရှိသော ငွေလောက်ကိုသာ မျှော်ကိုး၍ လုပ်ကိုင်ကြ၏။

လူအများသည် မျက်စိမှား၍ ဝယ်ယူမိကြကြောင်းကို သိလျှင် အယောင်းဘက်ကို တစ်ဖန်လည်၍ ဝယ်ယူကြရပြန်၏။ ထို့အတူ လူတို့၌ တစ်ခေတ်မီ ကလေးအကျိုးကို ကြည့်ပြီးလျှင် ပေါ့ပေါ့ဆဆ နာမည်ကလေးရရုံ သဘော ဖြင့် အပေါစားပြုမှုနေထိုင်တတ်ကြ၏။ လုပ်ကိုင်သော ပစ္စည်းသည် လူ၏ စိတ်ကို အမှီပြု၍ အဆင့်အတန်းဖြစ်ရသောကြောင့် မိမိကိုယ်တိုင်က အထူး သဖြင့် သတိပြုသင့်လေသည်။

ပန်းချီဆရာ၊ ပန်းပုဆရာစသော ပညာသည်များသည် ၎င်းတို့၏ ပစ္စည်းများကို တန်ဖိုးအမျိုးမျိုး ပြုလုပ်၍ ရောင်းချတတ်ကြ၏။ ငွေးနည်းလျှင် အလုပ်ကို သင့်ရုံမျှလုပ်ပေးတတ်ကြ၏။ စာရေးဆရာများလည်း ဤနည်း အတိုင်း ပြုလုပ်ခဲ့ပါမူ မိမိပညာကို မိမိကိုယ်တိုင် နှိမ့်ချရာသို့ ရောက်တတ်၏။

အဆိုပါ ပညာသည်များသည် အညံ့စားများကို လုပ်ကိုင်လေ့ကျင့်စပြု လာသဖြင့် ဒုတိယတန်းမှ တတိယအမျိုးအစားသို့ ဆုတ်ယုတ်၍သာ သွားကြ၏။ မည်သည့်အလုပကိုမဆို သတိ ပေါ့ပေါ့ဆဆနှင့်ပြုလုပ်၍ ဆုံးရှုံး ခြင်းများစွာ ဖြစ်ကြရ၏။ ထိုကဲ့သို့ ဆုံးရှုံးခြင်းများကို ဆိုင်ရှင်များ၊ အလုပ်ရှင်ကြီးများတို့သည် ကောင်းစွာ သတိမပြုမိဘဲ ရှိတတ်ကြ၏။ နောက် ဆုံး၌ ရှုံးသွားခြင်းသည် ကံမကောင်း၍ဟု အထင်ရောက်တတ်ကြ၏။

အမေရိကန်ပြည်၊ ချီကာဂိုမြို့၌ရှိသော 'ပွန်ဝါးနားမိတ်ကား ကုမ္ပဏီကြီး ၏ လူကြီးတစ်ဦးက ၎င်းတို့၏ကုမ္ပဏီတွင် ပေါ့ပေါ့ဆဆ ပြုလုပ်သူများ ကြောင့် ဆုံးရှုံးရသောငွေမှာ တစ်နှစ်လျှင် ဒေါ်လာ အင်္ဂါး ၂၅,၀၀၀ မျှ ဖြစ် ကြောင်း ပြောဖူး၏။ အလုပ်ကြီးလျှင်ကြီးသလောက်၊ ငယ်လျှင် ငယ် သလောက် ကုန်ကျမည်မှာ အမှန်ဖြစ်၏။ အချို့အိမ်များမှာ ပေါ့ပေါ့ဆဆ

mgyoe.com

mgyoe.com

နေတတ်သော အိမ်ရှင်မများကြောင့်လည်းကောင်း၊ အစေခံကြောင့်လည်းကောင်း အိုးခွက်မှစ၍ အိမ်ထောင်မှုများသည် အခြေအနေကိုလိုက်၍ တစ်နှစ်လျှင် ၁၀၀ိ/–မှ ၁ဝိ/–ထိ ဆုံးရှုံးတတ်ကြ၏။ ထို့ကြောင့် သတိကို အမြဲရှေ့ဆောင်အပ်လေသည်။

'သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့ အုပ်ရမည်' ဆိုသော မြန်မာစကားဟောင်းကို နက်နက်နဲနဲ အဖန်ဖန် ဆင်ခြင်၍ စွဲမြဲစွာမှတ်ယူထိုက်၏။ လူတိုင်း၏ အရေးကြီးဆုံးကိစ္စမှာ "သတိ" ပင်ဖြစ်၏။ သင်္ဂဇာဆရာတော်ဘုရားကြီးမှာ အထူးသဖြင့် သတိကောင်းလှသော ပုဂ္ဂိုလ်ထူးကြီးဖြစ်၏။ ငယ်ရွယ်စဉ်ကလေးဘဝက သူငယ်ချင်းချင်း ပြောစကားလေး တစ်ခွန်းကိုပင် အရေးကြုံလျှင် စကားထဲ၌ ထည့်၍ ပြောပြတတ်၏။
(ပညာရှိတိုင်း သတိဖြစ်ခဲ၏။) (ဒဂုန်နတ်ရှင်)

ယင်းတို့ကား ဆောင်းပါးတစ်ပုဒ်စီမှ ကောက်နုတ်ချက် အမြွက်မျှသာဖြစ်၏။ တစ်ပုဒ်လုံးဆိုပါက မည်မျှ မှတ်သားဖွယ် ပို၍ကောင်းမည်ကို ခန့်မှန်းနိုင်သည်။ ဆောင်းပါးအားလုံးဆိုပါက ပို၍ပို၍ပင် မှတ်သားဖွယ်ကောင်းလှပါသည်။ တန်ဖိုးရှိလှသည်။

ဤစာအုပ်သည် ရှားပါးလှသည်။ ကျွန်တော့်အား လက်ဆောင်ပေးသူ ဆရာဦးဝင်းမွန်ကို ကျေးဇူးတင်မဆုံးဖြစ်သည်။ နည်းပေးလမ်းညွှန်ပြုသူ ဆရာကြီးသုံးဦးစလုံးပင် မရှိကြတော့။ ကွယ်လွန်ရှာကြပြီ။ ဆရာကြီးပီမိုးနင်း(ဦးမိုးနှင်း)သည် ၁၈၈၃ ခုတွင် ဖွား၍ ၁၉၃၉ ခု၊ အသက် ၅၆ တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီးဦးပဂျိုင်(တိုးတက်ရေးဦးစိန်)သည် ၁၈၉၇ ခုတွင် ဖွား၍ ၁၉၇၈ခု အသက် ၈၁ နှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆရာကြီးဒဂုန်နတ်ရှင် (ဦးမောင်မောင်ကြီး)သည် ၁၈၉၈ ခုတွင် ဖွား၍ ၁၉၈၉ ခု၊ အသက် ၉၁ နှစ်တွင်ကွယ်လွန်ခဲ့သည်။ သို့ရာတွင် တိုင်းပြည်နှင့် လူမျိုးအပေါ် ကြီးစွာသော စေတနာထား၍ သူတို့ ရေးသားခဲ့သော စာများစွာကား မကွယ်ခဲ့။ ခေတ်အဆက်ဆက် အကျိုးပြုဆဲ ဖြစ်သည်။

ဤ'တိုးတက်ရေးလက်စွဲ'စာအုပ်ကို တတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်သော် ကောင်းလေစွဟူ၍ ကျွန်တော်ဆန္ဒ ဖြစ်မိသည်။ ထိုသို့ဖြစ်ရာမှ ထိုဆရာကြီး သုံးဦး၏ မေတ္တာနှင့် စေတနာကို ဦးနှိမ်ချမိပါသတည်း။

**မင်းယုဝေ**

**(အကောက်ခွန်နှစ်လည်မဂ္ဂဇင်း၊ ၁၉၉၂–၉၃)**

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | ခေါင်းစဉ် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| – | သင်ချစ်သွေ စိတ်ညစ်နေချင်သလား | | ၁ |
| – | အထက်တန်းစိတ် မွေးမြူနည်း | ဦးပဂျိုင် | ၂ |
| – | တိုးတက်လိုလျှင် အဘယ်စာမျိုးကို ဖတ်ရအံ့နည်း | ဦးပဂျိုင် | ၃ |
| – | မိမိ၏ကိုးကွယ်ရာ | ဦးပဂျိုင် | ၄ |
| – | လူထူးလူချွန် | ဦးပဂျိုင် | ၅ |
| ၁။ | မရက မထပြီ | ဦးပဂျိုင် | ၆ |
| ၂။ | အဘယ်ကြောင့် စာဖတ်ရမည်နည်း | ပီမိုးနင်း | ၁၃ |
| ၃။ | စိတ်ညစ်ခြင်း | ဒဂုန်နတ်ရှင် | ၁၈ |
| ၄။ | ဖြစ်နိုင်ပါ့မလား ပုဂ္ဂိုလ်တိုင်း အဖြေရှိသည် | ဦးပဂျိုင် | ၂၂ |
| ၅။ | တိုးတက်လိုသူများ | ဒဂုန်နတ်ရှင် | ၂၇ |
| ၆။ | အခက်အခဲများ | ဒဂုန်နတ်ရှင် | ၃၄ |
| ၇။ | အမောင်တိုင်း အမောင်တိုင်း တိုးတက်ရမည် | ဦးပဂျိုင် | ၃၇ |
| ၈။ | ဘေးအန္တရာယ်ကို မကြောက်ရ | ပီမိုးနင်း | ၄၈ |
| ၉။ | အနှောင့်အယှက် | ဒဂုန်နတ်ရှင် | ၅၄ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၀။ | တိုးတက်ရေး | ဦးပဂျိုင် | ၅၈ |
| ၁၁။ | မသေနိုင်သောနည်း | ပီမိုးနင်း | ၆၄ |
| – | အထက်တန်းစား ဖြစ်လိုသလား | ဦးပဂျိုင် | ၆၈ |
| ၁၂။ | ကိုယ်ရေးကြုံလျှင် | ဒဂုန်နတ်ရှင် | ၆၉ |
| ၁၃။ | ကမ္ဘာကိုဆက်၍ ကြီးပွားချမ်းသာလိုပါသလား | ဦးပဂျိုင် | ၇၄ |
| ၁၄။ | စိတ်ပျက်သလား | ပီမိုးနင်း | ၈၂ |
| ၁၅။ | လုပ်သမျှကို သတိပြု | ဒဂုန်နတ်ရှင် | ၈၆ |
| – | တိုးတက်လိုသူသည် စာအုပ်ကောင်းကို မဖတ်ရ | ဦးပဂျိုင် | ၉၂ |
| ၁၆။ | ရှေ့ကိုတိုးလော့ | ဦးပဂျိုင် | ၉၃ |


mgyoe.com

mgyoe.com

# သင်ချစ်သွေ့ စိတ်ညစ်နေချင်သလား

တစ်မိနစ်ဆိုသော အချိန်သည် အခြားသူများ၌ အဖိုးမတန် အရေး မကြီးလှသော်လည်း တစ်မိုင်ပြေးပွဲကို ဝင်ရောက်ကာ အပြေးပြိုင်ကြသူများ အတွက်၌ကား တစ်မိနစ်ကို မဆိုထားဘိ မိနစ်ဝက်ပင်လျှင် တစ်ကမ္ဘာလုံး တွင် အတော်ဆုံး ခေါ်ဆိုသမုတ်ခြင်းခံရလောက်အောင် အရေးကြီးလေသည်။ ထို့အတူ တစ်လတည်းဟူသော အချိန်သည် သူတစ်ပါး၌ အရေးမကြီး အဖိုးမတန်လှသော်လည်း တကယ်တမ်း တိုးတက်ကြီးပွားလိုသူအတွက်ကား တစ်လကိုမဆိုထားဘိ တစ်နေ့၊ တစ်ရက်ပင်လျှင် မဆုံးဖြစ်နိုင်လောက် အောင် အဖိုးထိုက်တန်လေသည်။ ထို့ကြောင့် ချစ်သွေ့သည် တကယ်တမ်း တိုးတက်ကြီးပွားလိုပါလျှင် သာမန်လူစားများကဲ့သို့ မိမိ၏အချိန်ကို အလဟဿ အချည်းနှီးမဖြစ်စေဘဲ နေ့စဉ်နေ့တိုင်း မိမိ၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်းများကိုသာ အာရုံပြု၍ အစဉ် ကြိုးစားလုပ်ကိုင်နေရမည်။ သို့လုပ်ကိုင်နေရာမှ တစ်ခါတစ်ခါ စိတ်ပျက်၍ တစ်ခါတစ်ခါ စိတ်ညစ်ပေလိမ့်မည်။ တစ်ခါတစ်ခါ အခက်နှင့်တွေ့ကြုံ၍ တစ်ခါတစ်ခါ ဒုက္ခနှင့် တွေ့ကြုံရပေလိမ့်မည်။ ထိုကဲ့သို့ စိတ်ပျက်တိုင်း စိတ်ပျက်တိုင်း၊ စိတ်ညစ်တိုင်း စိတ်ညစ်တိုင်း၊ ဒုက္ခနှင့် တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း ဤစာအုပ်ကိုဖတ်ပါ။ စိတ်ညစ်တိုင်းဖတ်၊ စိတ်ပျက်တိုင်း ဖတ်။ ထိုအခါ ဤတိုးတက်ရေးလက်စွဲ၏ တန်ခိုးသတ္တိ အကျိုးကျေးဇူးကို သင်ချစ်သွေ့ အထူးခံစားရပါလိမ့်မည်။

mgyoe.com

mgyoe.com

# အထက်တန်းစိတ် မွေးမြူနည်း

အထက်တန်းသို့ တက်ရောက်လိုသူသည် အထက်တန်းစိတ်ကို မွေးမြူရပေမည်။ အထက်တန်းစိတ်သည် သာမန်လူတို့ မတွေ့မမြင် မသိရှိသော စိတ်ဖြစ်၏။ ထိုစိတ်မျိုးသည် မိမိက ထိုးထွင်း၍သိသည်တို့မှာ နည်းပါးလှ၏။ ထိုကြောင့် သူတော်ကောင်းပညာရှိတို့ကို မှီဝဲဆည်းကပ်၍ စာအုပ်ကောင်းများကို ဖတ်ရပေမည်။ အထက်တန်းစိတ်ကို ဖော်ပြပေအံ့။ ဖတ်ရှုမှတ်သား လိုက်နာကျင့်သုံးပေလော့။ လောက၌ ခြေ၊ လက်မသန်စွမ်းသူကို မြင်လျှင် သနား၏။ မျက်စိကွယ်သူကို တွေ့မြင်ရလျှင် သနားကြ၏။ အချုပ်အားဖြင့် အင်္ဂါမပြည့်စုံသူတို့ကို မြင်ကြ၊ ကြားကြရလျှင် သနားစိတ်ရှိကြကုန်၏။ ဤသို့ဖြစ်မူ အကျင့်သီလပျက်ပြားချို့ယွင်းနေသူ၊ အသိဉာဏ်ချို့ယွင်းနည်းပါးနေသူ၊ သူတော်ကောင်းတရား ချို့ယွင်းယုတ်လျော့နေသူ၊ သူတစ်ပါးအကျိုးကို အနည်းငယ်မျှမကြည့်၊ မိမိကိုယ်ကျိုးသက်သက်ကိုသာ ကြည့်ကာ ပြုလုပ်လေ့ရှိသော သူများကို တွေ့မြင်ကြားသိရသောအခါ သြော်... ဤလူ၌ လူ၏အင်္ဂါ ဉာဏ်ပညာကျပ်ပြည့်ဒင်ပြည့်မရှိ၊ ချို့ယွင်းနေရှာသူပါတကားဟု ၎င်းအပေါ်၌ ဒေါသမထားဘဲ သနားကရုဏာထားရပေမည်။

ဦးပရိုဒို

mgyoe.com

mgyoe.com

# တိုးတက်လိုလျှင်
# အဘယ်စာမျိုးကို ဖတ်ရအံ့နည်း

တိုးတက်ကြီးပွားလိုသူများအတွက် စာဖတ်ခြင်း၌ ရည်ရွယ်ချက် သုံးခုရှိရမည်။

၁။ မိမိ လက်ရှိဘေးကို ပျောက်ကင်းရန်၊

၂။ လာမည့်ဘေးကို ကာကွယ်ရန်၊

၃။ အလုပ်သစ်များကို အမြင်ကျယ်၍ ထူးခြားစွာ စိတ်ကူးပြီးလျှင် စထွင်လုပ်ကိုင်နိုင်ရန် ၎င်းအချက်(၃)ချက်ကို ပဓာနထား၍ တိုးတက်ကြီးပွားလိုသူတို့သည် စာများကို ရွေးချယ်စိစစ်၍ ဖတ်ရမည်။

ဦးပဏ္ဍိတ

၂၈-၁၁-၃၅

mgyoe.com

mgyoe.com

# မိမိ၏ ကိုးကွယ်ရာ

အတ္တာဟိ အတ္တနော နာထော၊
ကောဟိနာထော ပရောသိယာ။
ဓမ္မပဒပါဠိတော်

အတ္တာဟိ အတ္တာ ဝေ၊ မိမိကိုယ် မိမိသည်သာလျှင်။ အတ္တနော နာထော၊ မိမိကိုးကွယ်ရာဖြစ်၏။ ပရော၊ မိမိမှတစ်ပါးသော။ ကော၊ အဘယ်မည်သောသူသည်။ နာထော၊ မိမိကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်ချိမ့်မည်နည်း။

ဦးပဂျိဇို

mgyoe.com

mgyoe.com

# လူထူးလူချွန်

မွန်မြတ်သော လူထူးလူချွန်ဖြစ်ရန်မှာ မွန်မြတ်သောစိတ်များကို ထားရှိရလေသည်။ မွန်မြတ်သောစိတ်မှာ သူတစ်ပါးအပေါ်၌ ဣဿာ မစ္ဆရိယစိတ်များ မည်သည့်အခါမျှ မထားရချေ။ ထိုမျှမကသေး သူတစ်ပါး၏ ကျန်းမာမှု၊ ချမ်းသာမှုကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြုလုပ်ရာ သည်။ သူတစ်ပါးတိုးတက်မှုကို မကြားလို မမြင်လိုသည်တို့မှာ စိတ်ယုတ် မာများဖြစ်ကြ၍ ထိုစိတ်မျိုးကို လက်ခံထားရှိသူသည် ထူးချွန်မွန်မြတ်သော ပုဂ္ဂိုလ်တစ်ဦး မဖြစ်နိုင်ချေ။ သူတစ်ပါး ရာထူးတိုးသည်။ ဥစ္စာပစ္စည်း တိုးတက်သည်ကို မိမိက မနာလိုခြင်းဖြင့် သူတစ်ပါး၌ ယုတ်လျော့သွား သည်မဟုတ်သော်လည်း မိမိ၌ကား တန်ပြန်သောအားဖြင့် ဂုဏ်သတင်း ယုတ်လျော့တတ်သည်ကို အထူးသတိပြုရမည်။ ထိုစိတ်မျိုးရှိသူများကား အရည်အချင်းရှိလျက် လူတို့၏ ကြည်ညိုလေးစားခြင်းကို တာရှည် လေးမြင့်စွာ မခံရချေ။ ထို့ကြောင့် မြင်မြင်သမျှ သတ္တဝါအပေါင်းတို့၏ အပေါ်တွင် မေတ္တာနှင့် ကရုဏာကို ကျပ်တည်းစွာ ပွားများပေးရမည်။ ဤသူ၏အဖို့ကား ဘုန်းကြီး၍ ကျက်သရေတိုးပေတော့၏။

ဦးပညိဒိ

mgyoe.com

mgyoe.com

# မရက မထပြီ

လောကဥ္ဓ လိုရာခရီးသို့ရောက်ရှိရာ ရောက်ရှိကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းတို့မှာ မိမိလုပ်မည်ဟု ကြံစည်အပ်သောအမှုကိစ္စကို အမျိုးမျိုးအနည်းနည်း ထပ်ခါ ထပ်ခါ ဖြစ်နိုင် မဖြစ်နိုင်ကို ပထမဆုံး အရေးတကြီး စဉ်းစားဆင်ခြင်ရမည်။

ထို့နောက် လမ်းခုလတ်လုပ်နေစဉ် မည်သို့သော ဒုက္ခအနှောင့် အယှက်မျိုးတို့နှင့် တွေ့ဆုံရမည်။ ထိုအနှောင့်အယှက်တို့ကို ခံနိုင်၊ မခံနိုင် ကိုလည်း အပြန်အလှန် ထပ်ဖန်တလဲလဲ စဉ်းစားဆင်ခြင်ရမည်။

ထိုသို့ စဉ်းစားဆင်ခြင်ပြီသကာလ မဖြစ်နိုင်၊ မခံနိုင်ဟု အဖြေ ထွက်ပါက စ၍ပင် ၎င်းအလုပ်များကို မလုပ်ကိုင်ပါလေနှင့်။ လူများက ဘယ်လောက်မြှောက်ပေးပေး၊ ဘယ်မျှတိုက်တွန်း တိုက်တွန်း မိမိမှာ အရည် အချင်းမရှိပါက မလုပ်ကိုင်ပါလေနှင့်။

တိုက်တွန်းသူ၊ မြှောက်ပေးသူတို့မှာ နောင်ကိစ္စမပြီး၍ အကြောင်း မသင့်ဖြစ်လာသောအခါ ၎င်းတို့မှာ ပါးစပ်သမားမျှသာဖြစ်သည့်အတိုင်း "သြော်...တို့က သည်လိုတော့ မစဉ်းစားမိပါဘူး" (ဝါ) "သြော်...မဖြစ်လည်း ကံပေါ့လေဗျာ" (ဝါ) "သြော်...ဖြစ်မှဖြစ်ရလေခြင်းဗျာ"စသည်ဖြင့် ပါးစပ်မှ သာ ပြောဆိုလိုက်ရရုံမျှထက်ပို၍ မနစ်နာ။ မိမိမှာကား အတိုင်းမသိ မချိမဆံ့ အနစ်အနာခံရတတ်လေသည်။

ယင်းသို့ မိမိတို့စိတ်တွင် အစစအရာရာ ၎င်းလုပ်ကိုင်ရန်အမှုကိစ္စ အဝဝတို့ကို အပြန်အလှန် စဉ်းစားပြီးနောက် လုပ်အံ့၊ ဆောင်ရွက်အံ့ဟု

mgyoe.com

mgyoe.com

စိတ်ကို ဆုံးဖြတ်ပြီးသောအခါ လမ်းခုလတ်တွင် လက်မလျှော့လိုက်ပါလေနှင့်။ အသားကြေကြေ၊ အရေခန်းခန်း ဆက်လက်ကြိုးစားပါ။ လက်လျှော့လိုက်ပါက "ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိသည်"ဆိုဘိသကဲ့သို့ မိမိ၌ မလုပ်မီကထက် အောက်တန်းကျ၍ အထင်အမြင်သေးသိမ်ခြင်းကို ခံရတတ်လေသည့်ပြင် နောင်ကိုလည်း မိမိအား "အလကားအကောင်ပါကွာ"ဟူသော အတန်းအစားတွင် သွတ်သွင်းထားခြင်းကို ခံရတတ်လေသည်။

ထို့ကြောင့် အလုပ်များကို စထွင်လုပ်အံ့ဟု ကြံစည်ပါမူ ၎င်းအလုပ်၏အကြောင်းကို ကကြီးကစ၍ အ အထိ သိရှိစဉ်းစားပါ။ သို့စဉ်းစားရာ၌ တစ်ဖက်သတ်သာ မစဉ်းစားပါနှင့်။ နှစ်ဖက်သတ် စဉ်းစားပါ။ (ဝါ) အကောင်းချည်း မစဉ်းစားပါနှင့်။ အဆိုးကိုလည်း စဉ်းစားပါ။ (ဝါ) အမြတ်ကိုချည်း မစဉ်းစားပါနှင့်။ အရှုံးကိုလည်း စဉ်းစားပါ။

သို့စဉ်းစားရာ၌လည်း အကောင်းဘက်ကို ပို၍မတွက်ပါနှင့်။ ထို့အတူ အရှုံးဘက်ကိုလည်း လျှော့၍မတွက်ပါနှင့်။ များစွာသောအလုပ်တို့ မအောင်မြင်မပြီးစီးရသည်မှာ မိမိက လိုသည့်ဘက်ကို ပို၍ထားပြီးလျှင် မလိုသည့်ဘက်ကို လျှော့၍တွက်တတ်ခြင်းကြောင့် ဖြစ်လေသည်။ အလုပ်လုပ်သောအခါ ဓမ္မတာတည်းဟူသော တရားကြီးက အမြတ်ကောင်းကျိုးဘက်တွင် ပို၍ပေးလိမ့်မည်မဟုတ်။ ထို့အတူ မကောင်းဘက်၊ အရှုံးဘက်တွင်လည်း လျှော့၍ ရှုံးစေလိမ့်မည်မဟုတ်။ မြတ်သင့်မြတ်ထိုက်သမျှကိုသာ မြတ်စေ၍ ရှုံးသင့်ရှုံးထိုက်သည်ကို ရှုံးစေပေလိမ့်မည်။

ထို့ကြောင့် အရှုံးကို များနိုင်သမျှများ၍ အမြတ်ကို နည်းနိုင်သမျှနည်း၍ တွက်စစ်ပါလေ။ သို့ပါလျက် အမြတ်ဘက်က (ဝါ) အကောင်းဘက်က သာနေပါသေးလျှင် ထိုအလုပ်ကို ချစ်ဆွေ လက်မလွှတ်ပါလေနှင့်။ လုပ်ဖြစ်အောင် လုပ်ကိုင်ပါလေ။ အောင်မြင်ပြီးစီး ကြီးပွားခြင်းသည်ကား စိတ်ကူးတွက်ချက်ရုံမျှနှင့် မပြီး။ ၎င်းစိတ်ကူးကို ကိုယ်ထိလက်ရောက်ဆောင်ရွက်သူများသာ အကျိုးကျေးဇူးခံစားရလေသည်။

ချစ်ဆွေ၏အလုပ်မှာ ရှင်တော်ဘုရား ဟောတော်ဆုံးမတော်မူအပ်သော တရားတော်နှင့် မဆန့်ကျင်မူ ချစ်ဆွေ၏ အကြံအစည်မှာ အသစ်

mgyoe.com

mgyoe.com

အဆန်းပင်ဖြစ်၍ လုပ်ရိုးလုပ်စဉ်မဟုတ်သဖြင့် ချစ်ဆွေအား တစ်ရပ်လုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံးက "ရူးသည့်အကောင်၊ အ,သည့်အကောင်၊ နသည့်အကောင်" စသဖြင့် "အကောင်ပေါင်း"များစွာကို အမျိုးမျိုးသော ရေလဲတို့ဖြင့် ဆဲဆိုပြစ်တင်မှု ဆဲဆိုပြစ်တင်ကြရာ၏။ ထိုကဲ့သို့သော ဆဲဆိုပြစ်တင် ကဲ့ရဲ့ရှုတ်ချမှုတို့ကိုလည်း ပမာဏမပြု ဂရုမထားကြပါလေနှင့်။

အသို့နည်းဟူမူ နားရှိသော်ငြားလည်း နားပင်းသကဲ့သို့နေပါလေ။ မျက်စိရှိမှုလည်း ကြောင်တောင်ကန်းသဖွယ်နေပါလေ။ ထိုသို့ကဲ့ရဲ့ခြင်း၊ ဆဲဆိုပြစ်တင်ခြင်းကိုလည်း "ငါ၏လုပ်ငန်း၌ ခဲရာခဲဆစ်များတွင် တစ်ခု အပါအဝင်"ဟု သဘောထားပါလေ။ ထို့ကြောင့် မိမိအလုပ်ကို စထွင်မလုပ်မီ မိမိလုပ်ကိုင်မည့်အလုပ်အတွက် အခက်အခဲဟူသ၍တို့ကို စဉ်းစားရာ၌ ထိုအခက်အခဲတစ်ရပ်ကိုလည်း ခံနိုင်၊ မခံနိုင် ထည့်သွင်းစဉ်းစားပါ။ "တေမိမင်းဘဝကျမှ မိခင်ကို သနားလို့ စကားပြောတော့မည်စိတ်မျိုး"ကို လက်သင့်မခံကြလေနှင့်။

သို့လုပ်ကိုင်ရာ၌ မိမိနှင့်ဝါဒကွဲသူ၊ (ဝါ) မိမိ၏ ရန်သူတို့က ချစ်ဆွေအား အမျိုးမျိုးဆဲရေး ပြစ်တင်ပေလိမ့်မည်။ ဥပမာ–ချစ်ဆွေသည် တောသား၊ လယ်သမား၊ လှည်းသမား၊ နွားကျောင်းသားက အမျိုးမျိုးကြိုးစားသဖြင့် အရည်အချင်း ပြည့်စုံလာသောအခါ ချစ်ဆွေသည် ဓမ္မကထိကသော်လည်းကောင်း၊ နိုင်ငံရေးခေါင်းဆောင်သော်လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အယ်ဒီတာသော်လည်းကောင်း ဖြစ်လာသောအခါ ၎င်းတို့က ချစ်ဆွေအား "တရားဟောသည်မှာ လယ်ထွန်သလို မလွယ်ဘူး၊ နိုင်ငံရေးဆိုသည်မှာ နွားကျောင်းသလို၊ နွားကလေး စားကျက်လွှတ်၊ တစ်နေရာရာတွင် မျောက်ပန်းလှန်၊ ဖဲရိုက်၊ ကြက်တိုက်နေသလို မလွယ်ဘူး။ အယ်ဒီတာအလုပ်ဟာ တောသား၊ လယ်သမားများ စေဟဲ့...တောဟဲ့ဟု အော်ပြီး နွားဖင်ကို ကြိမ်လုံးနှင့်ရိုက်သလို မလွယ်ဘူး"စသဖြင့် အမျိုးမျိုး ပြစ်တင်ဆဲရေးသောအခါ မတုန်မလှုပ် ယောကျ်ားပီသစွာ "လေတိုက်၍ ကျောက်တိုင်မရွေ့"ဟူဘိသကဲ့သို့ ဣန္ဒြေရစွာနှင့် မိမိအလုပ်ကိုသာ လျင်မြန်စွာ ပြီးစီးအောင် ဂရုစိုက်၍ ကြိုးစားပါလေ။ ၎င်းတို့အားလည်း

mgyoe.com

mgyoe.com

ငါ၏ အလုပ်တွင် တစ်မျိုးတစ်ဖုံ အားပေးသူများဟု သဘောထား၍ အထူး သည်းခံဆောင်ရွက်ပါလေ။

ထိုသို့ သဘောမထားမူ၍ ၎င်းတို့အား ပြန်လည်ချေပ ပြောဆို ရေးသားနေပါက မိမိမူရင်းအလုပ် မပြီးစီးနိုင်ဘဲ ရှိတတ်ချေ၏။

ချစ်ဆွေ မိမိစိတ်တွင်း၌ရှိသော အခါအားလျော်စွာ ပေါ်၍လာတတ် သော ဒေါသကလေးကို ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် မပေါ်ထွက် စေဘဲ ချုပ်တည်းနိုင်သူသည် တစ်ဖက်မှ သိန်းသန်းကုဋေမျှရှိသော စစ်သည် ဗိုလ်ပါတို့ကို မိမိတစ်ဦးတည်းနှင့် နိုင်စွမ်းနိုင်သည်ထက် ခဲယဉ်းလှသည်။ သက်သေကား။

ယော သဟဿံ သဟဿေန၊
သင်္ဂါမေ ဒုဇ္ဇယေ ဇိနေ။
ဧကဥ္စ ဇေယျ မတ္တာနံ၊
သဝေ သင်္ဂါမဇုတ္တမော။ ။

(ဓမ္မပဒ)

အနက်ကား ဤသို့တည်း။ သင်္ဂါမေ၊ စစ်မြေအရပ်၌။ ယော ယောဓော၊ အကြင်သူရဲကောင်းသည်။ ဒုဇ္ဇယေ၊ အောင်မြင်နိုင်ခဲကုန်သော။ သဟဿေန သဟဿံ၊ တစ်သိန်း,တစ်သန်းသော စစ်သည်အပေါင်းတို့ကို။ ဇိနေ၊ တစ်ယောက်ချင်း အောင်မြင်နိုင်၏။ တတော၊ ထိုတစ်သိန်း,တစ်သန်း သော စစ်သည်တို့ကို တစ်ယောက်ချင်းဖြင့် အောင်နိုင်သောသူရဲကောင်း ထက်။ ယောစ၊ အကြင်သူရဲကောင်းသည်ကား။ အတ္တာနံ၊ မိမိကိုယ်တွင်း၌ ရှိသော လောဘ,ဒေါသ စသော အဇ္ဈတ္တရန်သူကို။ ဧကံ၊ တစ်ကြိမ်တစ်ခါမျှ။ ဇေယျံ၊ အောင်မြင်ရာ၏။ သသော၊ ထိုသို့ တစ်ကြိမ်တစ်ခါမျှ မိမိ၏လောဘ, ဒေါသ စသော အဇ္ဈတ္တရန်ကို အောင်မြင်နိုင်သော သူရဲကောင်း သည်။ ဝေ၊ စင်စစ်။ သင်္ဂါမဇုတ္တမော၊ စစ်မြေပြင်၌ ရန်အပေါင်းကို အောင်မြင်သောသူ ထက် ရဲရင့်မြင့်မြတ်သော သူရဲကောင်းအာဇာနည် အစစ်ကြီးပါပေတည်း။

ထို့ကြောင့် ၎င်းတစ်ဖက်သားက ပြစ်တင်ဆဲရေးခြင်းကို အလျဉ်း ပဓာနမပြု ဂရုမထားဘဲ ဆောင်ရွက်မြဲ မိမိအလုပ်ကိုသာဆောင်ရွက်သွား ပါလေ။

mgyoe.com

mgyoe.com

ထိုမှတစ်ပါး ၎င်းကဲ့သို့ အလားတူ အနှောင့်အယှက် တစ်မျိုးရှိတုံ သေး၏။ ထိုအနှောင့်အယှက်ကား သာမန်အနှောင့်အယှက်မျိုး မဟုတ်သဖြင့် သာမန်မျက်စိဖြင့် မမြင်စကောင်းချေ။ ထိုအနှောင့်အယှက်သည်ကား (ငတိ၊ ငအေ၊ လူဗာလ)တို့၏ ချီးမွမ်းခြင်းပေတည်း။

အထက်တွင် ဖော်ပြခဲ့သော လူညံ့မျိုးသည် မိမိတို့နှင့် သဘောချင်း မတိုက်ဆိုင်သူကိုမူကား ဟုတ်,မဟုတ်၊ တော်,မတော် အပထား၍ ယုတ္တိ ယုတ္တာမရှိ။ သွယ်ဝိုက်ဆွဲငင်၍ ဗလာသက်သက် ကဲ့ရဲ့ပြစ်တင်ဆဲဆိုဘိ သကဲ့သို့ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို အပထားပြီးလျှင် မိမိတို့နှင့် သဘောချင်း မတိုက်ဆိုင်ပါက နွားကျောင်းသားကိုပင် အလောင်းတော် မဟောသဓာနှင့်တန်းတူထား၍ မြှောက်စား ချီးမွမ်းတတ်ကြ၏။ သူတောင်း စားကိုပင် မဟာသမ္မတ၊ ဗြဟ္မာကဆင်းသက်လာသည့် အမျိုးအနွယ် စသဖြင့် ချီးကျူးတတ်လေသည်။

ထိုသို့ ချီးကျူးခြင်းမျိုးကိုလည်း အဘယ်အခါမျှ အရသာခံ၍ မနေပါလေနှင့်။ ချစ်ဆွေ လုပ်ကိုင်ရင်းမှာ ၎င်းတို့ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို အလိုရှိ၍ လုပ်ကိုင်သည်မဟုတ်ခဲ့ချေ။ မိမိလုပ်မြဲအလုပ်ကိုသာ ဆက်လက် လုပ်ကိုင်သွားပါလေ။ ၎င်းတို့၏ ချီးမွမ်းခြင်း၊ ချီးမြှောက်ခြင်း၌ တင်းတိမ် နေပါက ယခင် မိမိလိုရင်းလုပ်ငန်းသည် မပြီးတော့ပြီဆိုသည်ကို အထူး သတိပြုပါ။ ထို့ကြောင့် အမျိုးအတွက် စိတ်ကောင်း သဘောကောင်းများနှင့် ဆောင်ရွက်လာသူများမှာ (၃၀၀၀ ကျပ်၊ ၄၀၀၀ ကျပ်၊ ၅၀၀၀ ကျပ် စသဖြင့် လစာအမျိုးမျိုးဖြင့်) ချီးမြှောက်လိုက်သောအခါ မိမိမျိုးချစ်စိတ် ပထမ အဓိလုပ်ငန်းကြီးမှာ အပြီးမသတ်ဘဲ တစ်ပိုင်းတစ်စဖြစ်၍သာ နေရှာကြရလေ သည်။

ထို့ကြောင့် ၎င်းတို့ ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်းများတွင် အာရုံပြု မနေပါလေနှင့်။ မိမိလုပ်ကိုင်ရင်းမှာ ၎င်းတို့ချီးကျူးကဲ့ရဲ့ခြင်းကို အလိုရှိ၍ လုပ်ကိုင်သည်မဟုတ်ကြောင်းကို အစဉ်သတိပြု၍ မိမိလုပ်ကိုင်ရင်းကို **"မရက မထပြီ" ဟူ၍လည်းကောင်း "မိမိလိုအပ်သောအခြေအနေသို့ မရောက်လျှင် အသားကြေကြေ၊ အရေခန်းခန်း၊ တကယ်တမ်း မလျှော့တော့ပြီ"** ဟူသော စိတ်မျိုးဖြင့် ဖွဲသန်စွာ ကြိုးစားပါလေ။

mgyoe.com

အသို့ ကြိုးစားရအံ့နည်းဟူမူ အခါတစ်ပါး၌ ရဟန်းခုနစ်ပါးတို့သည် ဈာန်မဂ်ကိုရရှိရန် ကြိုးစားကြတော့အံ့ဟု တိုင်ပင်ကြပြီးလျှင် စောက်မတ်သော တောင်ကလပ်တစ်ခုပေါ်သို့ လှေကားဖြင့် တက်သွားကြပြီးလျှင် တောင်ကလပ်သို့ အားလုံးရဟန်းများ ရောက်ရှိသောအခါ မိမိတို့တက်လာသော လှေကားကို တွန်းလှန်ဖြုတ်ချလိုက်ကြပြီးလျှင် ဈာန်မဂ်ကိုရရန် တရားအားထုတ်ကြရာ နောက်တစ်နေ့၌ ရဟန်းတစ်ပါးသည် ရဟန္တာဖြစ်၍ ဈာန်မဂ်ကို ရရှိလေ၏။

ထိုအခါ ရဟန္တာက မိမိရရှိအပ်သောဈာန်ဖြင့် မြောက်ကျွန်းသို့ သွားရောက်၍ ဆွမ်းခံပြီးလျှင် ကျန်ရဟန်းခြောက်ပါးတို့အား ကပ်လှူ၏။ ကျန် ရဟန်းခြောက်ပါးတို့က လက်မခံဘဲ ပြန်ပြောသည်မှာ "ပထမကတိကဝတ်ပြုရာ၌ တစ်ပါးပါးဈာန်ရသဖြင့် ဆွမ်းခံကျွေးက စားတမ်းဟူ၍ ကတိမထားခဲ့ကြပါ၊ ထို့ကြောင့် အရှင်ဘုရား၏ဆွမ်းကို မဘုဉ်းပေးပါ၊ မိမိတို့ကိုယ်တိုင် ထမြောက်အောင်မြင်နိုင်ရန် ကြိုးစားကြပါအံ့။ လျှော့၍ဖြင့် လက်မခံနိုင်ပြီ၊ မိမိတို့လိုအပ်သော ဈာန်မဂ်ကို မရမချင်း မလျှော့တော့ပါပြီး ဘုရား"ဟု လျှောက်ထားကြပြီးကာ တရားကိုသာ မလျှော့သော လုံ့လဖြင့် ကြိုးစားကြပြန်ကုန်၏။

နောက်တစ်ရက် ကြာပြန်လတ်သော် ဒုတိယရဟန်းမှာ အနာဂါမ်ဖြစ်ကာ ဈာန်ကိုရရှိပြန်လေ၏။ ယခင် ပထမရဟန္တာနည်းတူ မိမိအဖော်တို့အား မြောက်ကျွန်းသို့ရောက်ကာ ဆွမ်းခံကျွေးပြန်လေ၏။ ကျန်ရဟန်းငါးပါးတို့လည်း ဆွမ်းကိုလက်မခံ။ ယခင်အတိုင်းသာ ငြင်းဆန်ကာ တရားကိုပင် တိုးတက်သောစိတ်ဖြင့် မလျှော့သော လုံ့လ၊ ဝီရိယတို့ကို ပြုပြန်ကြကုန်၏။ သို့ရာတွင် ကျန်ငါးပါးတို့မှာ ဈာန်မဂ်ကိုမရဘဲ အသက်တို့သည် ၎င်းတို့ငါးပါးတို့မှ စွန့်ခွာ၍ ထွက်သွားကြလေကုန်၏။

ထိုငါးပါးသောရဟန်းတို့မှာ ဖွဲသန်သန်ကြိုးစားကြ၍ အသက်နှင့်ခန္ဓာ စွန့်ခွာသွားကြကုန်သဖြင့် အဘယ်အကျိုးရရှိပါသနည်းဟူမူ။

ထိုခုနစ်ပါးသော ရဟန်းတို့မှာ သူများနည်းတူ မနေမူ၍ ထူးခြားစွာ ကြိုးစားစွန့်စားလုပ်ကိုင်ကြသဖြင့် တစ်ပါးသောရဟန်းမှာ ရဟန္တာဖြစ်၍ တစ်ပါးမှာ အနာဂါမ်၊ ဈာန်သမာပတ်တို့ကို ရရှိပြီးလျှင် ကျန်ငါးပါးတို့မှာ ထိုဘဝမှစ၍ ငရဲသို့မလား။ လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်လူးလာ

mgyoe.com

mgyoe.com


ကာ နေကြရပြီးလျှင် ကျွန်ုပ်တို့ ရှင်တော်ဂေါတမ မြတ်စွာဘုရားသခင် ပွင့်တော်မူသောအခါ ထူးခြားသော ဇာတဒဂ်ရ ပုဂ္ဂိုလ်ကြီးများ အသီးသီး ဖြစ်ကြပြီးလျှင် နိဗ္ဗာန်ဘုံနန်းတွင် စံမြန်းကာနေကြရလေပြီ။

ထို့ကြောင့် ချစ်ဆွေသည် လိုရာရရှိ၍ တိုးတက်ရာတိုးတက်ကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းတို့ကို အလိုရှိသူတစ်ယောက် တကယ်စင်စစ် ဧကန်ဖြစ်ပါမူ သူများလုပ်သည်ကို လိုက်လုပ်မနေပါနှင့်။ ထူးထူးခြားခြား အလုပ်တစ်ခုကို ကြံစည်ပါ။ ထိုသို့ ကြံစည်သဖြင့် ရအပ်သော အလုပ်တစ်ခုကို မလုပ်မီ ထပ်ခါ ထပ်ခါ စဉ်းစားပါ။ စဉ်းစား ရာတွင် အကောင်းဘက်၊ အမြတ်ဘက်ကို တစ်ဖက်သတ် မစဉ်းစားပါနှင့်။ အဆုံးဘက်၊ အရှုံးဘက်ပါထည့်၍ နှစ်ဖက်သတ် စဉ်းစားပါ။ နှစ်ဖက်သတ် စဉ်းစား ရာ၌လည်း အမြတ်ဘက်၊ အကောင်းဘက်ကို ပိုမို၍ မတွက်ပါလေနှင့်။ ထို့အတူ အရှုံးဘက်၊ အဆုံးဘက်ကိုလည်း လျှော့၍မတွက်ပါလေနှင့်။

မိမိ၌ ရှိရင်းဖြစ်ပြီးသော ပညာဗဟုသုတကလေးမျှနှင့်သာ ထိုလုပ်လိုသော အလုပ်အတွက် ဆင်ခြင်စဉ်းစားရန်မဟုတ်။ ၎င်းအလုပ်၌ ကျွမ်းကျင်သောသူများထံသို့ သွားရောက်ချဉ်းကပ် ဆည်းပူးအပ်၍ ၎င်းအလုပ်နှင့်ဆိုင်သော စာအုပ်စာတမ်းဟူသမျှတို့ကို ဖတ်ရှု၍ ကာလ၊ ဒေသတို့နှင့် ညှိနှိုင်းချင့်ချိန်ပြီးလျှင် နေရာမကျက စ၍ပင် လုပ်ကိုင်ခြင်းမပြုပါလေနှင့်။ လက်လွှတ်လိုက်ပါ။ အကယ်၍ နေရာကျမည်၊ လုပ်ကိုင်နိုင်မည်၊ ခံနိုင်ရည် ရှိမည်ဆိုပါမူ အခါမနှောင်းပါစေနှင့်။ မပျက်မကွက် ဆက်ဆက်လုပ်ကိုင် ဆောင်ရွက်ပါလေ။ သို့လုပ်ကိုင်ဆောင်ရွက်ရာတွင် အကြီးဆုံးရန်သူနှစ်ဦး မှာ ချစ်ဆွေ လုပ်ကိုင်စဉ်တွင် ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းများ ဖြစ်လေသည်။ ထိုနှစ်ဦးအား တုံ့ပြန်လှည့်လည် ကြည့်ရှုမနေပါလေနှင့် ချစ်ဆွေ။ ထိုရန်သူ နှစ်ဦးကို တွေ့လို၊ မြင်လို၊ ကြားလို၍ လုပ်ကိုင်ခြင်းမဟုတ်သည်ကို အစဉ် သတိပြုပါ။

ထို့ကြောင့် မိမိလုပ်မည်ဟု ဆုံးဖြတ်ပြီးစတွင် လုပ်ကိုင်ခဲ့ပါမူ မိမိရည်ရွယ်ချက်သို့မရောက်က လက်မလျှော့ဘဲ အသက်သေသေ၊ အရေ ခန်းခန်း "မရက မထပြီ"ဟူသော သဘောကိုထား၍ မလျှော့တမ်း ခွဲသန်သန်ဖြင့် ကြိုးစားကြပါကုန်။

ဦးပဂျိုဝိ

mgyoe.com

mgyoe.com

# အဘယ်ကြောင့် စာဖတ်ရမည်နည်း

လူမှာ အစာနှစ်မျိုးရှိ၏။ စိတ်၏အစာ၊ ကိုယ်၏အစာပေတည်း။ ကိုယ်ခန္ဓာမှာ အသက်နှင့် အားအတွက် အစာအာဟာရသည် အရေးအကြီးဆုံး ဖြစ်သလို စိတ်မှာလည်း အစာအာဟာရလိုလေရာ စိတ်အာဟာရကင်းမဲ့ ချေက လူမျိုးတို့၏ တိုးတက်ရေးပြေးပွဲမှာ စိတ်ဉာဏ်အင်အား ကင်းမဲ့သဖြင့် နောက်ကျန်၍နေရမည်သာတည်း။ ကိုယ်၏အစာကိုမစားဘဲ အငတ်ခံလျှင် ကိုယ်ခန္ဓာပျက်စီးရသလို စိတ်၏အစာကို မမှီဝဲဘဲ အငတ်ခံချေက စိတ်ဉာဏ်အရာ၌ အသေကောင်ပမာ အသက်ကင်းမဲ့လျက် ကျက်သရေ မရှိသော အသုဘအလောင်းကောင်နှင့် တူပေလိမ့်မည်။ ၎င်းစိတ်၏အစာ မှာ အစာဖြစ်ဖို့ အက္ခရာတစ်လုံးသာ လိုလေရာ ထိုအက္ခရာမှာ "အ"တစ်လုံး ရှေ့က ကပ်ချေက ဗိတာမင်ဓာတ် အာဟာရကိုပေးသော ထူးမြတ်သော အစာပင် ဖြစ်လေသည်။

များစွာသော သူတို့သည် စာကို အပျင်းပြေသော်လည်းကောင်း၊ အပျော်သော်လည်းကောင်း ဖတ်ကြ၏။ သတင်းစာ၊ မဂ္ဂဇင်းဖတ်သူတို့မှာ လည်း အားလပ်သောအချိန်ကို ပျော်ပျော်နှင့်ကုန်လွန်စေရန်မျှ သဘောထား ကာ ဖတ်ကြလေသည်။

စာဖတ်ခြင်းကို ရှေးဦးပထမ စာပေလိုက်စားသူတို့က အစပြုကြ၏။ အလုပ်အကိုင်သမားများက အစပြုသည်မဟုတ်ပေ။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်မတိုင်မီ၌ စီးပွားအကြံအစည်၊ အလုပ်အကိုင်၊ အရောင်းအဝယ်များ နှင့် ပတ်သက်သော စာအုပ်များ မပေါ်မရှိခဲ့ကြချေ။ အလုပ်အကိုင်၊ အရောင်း

mgyoe.com

mgyoe.com


အဝယ်နှင့် စာအုပ်များမှာ ထိုသမယ၌ ဆက်ဆံခြင်းမရှိခဲ့ပေ။ ယခုခေတ် အခါ၌ တံငါးလူမျိုးများ၏အလုပ်မှာ စာနှင့်မသက်ဆိုင်သကဲ့သို့ ထိုအခါ၌ လုပ်ကိုင်ကြံစည်ရေးမှာ စာနှင့်မသက်မဆိုင်ခဲ့ပေ။ ထိုအခါသမယ၌ စာကို ယဉ်ကျေးလိမ္မာခြင်းအတွက်သာ ဖတ်ကြ၏။ ကြီးပွားအောင်မြင်ဖို့ရန်အတွက် ဖတ်လေ့မရှိကြပေ။

ယခုအခါသမယမှာပင် ကြံရေးစည်ရေး၊ ရောင်းဝယ်ရေးနှင့်ပတ် သက်သော စာအုပ်များကို ဖတ်ရှုသူ နည်းပါးလေသည်။ အများအားဖြင့် အပျင်းပြေဗဟုသုတကို ရရှိဖို့မျှသာ သဘောထား၍ ဖတ်ကြလေသည်။ ဗဟုသုတသည် ပရိသတ်အလယ်၌ စကားပြောရန်မျှထက် ပိုမိုအသုံးမဝင် ချေက ထိုဗဟုသုတသည် အဘယ်မှာ အကျိုးရှိပါမည်နည်း။

ထိုနည်းလမ်းသည် လွန်စွာမှားလေသည်။ ယခုအခါ မင်အိုး၊ ကလောင်တံသည် အလုပ်တိုက်မှာ အရေးကြီးသလို စာဖတ်ခြင်းသည်လည်း စီးပွားရှာကြံလုပ်ကိုင်ရေးအတွက် အရေးကြီးလေသည်။

စာအုပ်တစ်အုပ်ကိုဖြစ်စေ၊ သတင်းတစ်ခုကိုဖြစ်စေ ဖတ်သည့်အခါ ရရှိသော အသိတစ်စုံတစ်ရာကို ငါအဘယ်နည်းဖြင့် အသုံးပြုရပါမည်လဲ။ ထိုအသိသည် အဘယ်ပုံ အကျိုးရှိနိုင်ပါမည်လဲဟူ၍ စဉ်းစားအပ်လေသည်။

အတတ်ပညာ အလုပ်တစ်ခုခုကို လုပ်သူမှန်က စာကိုဖတ်ရာ၌ မိမိ၏ အလုပ်အကိုင်၊ အကြံအစည်အတွက် အသုံးချမည့်အချက်တစ်ခုခု ကို ထိုစာ၌ တွေ့ရတတ်၏။ သို့တွေ့ရသည့်အခါ မှတ်သား၍ အချက်ကျစွာ အရေးပေါ်လျှင် ထိုအချက်ကို အသုံးပြုတတ်ဖို့ လိုလေသည်။

ယခုခေတ်သည် အပြောင်းအလဲနှင့် တိုးတက်ခြင်းအရာ၌ လွန်စွာ လျင်မြန်လေရာ မည်သည့်နည်းလမ်းဖြင့် အသက်မွေးသည်ဖြစ်စေ၊ မိမိ၏ နည်းလမ်းအလုပ်နှင့်ဆိုင်သော စာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို အမြဲဖတ်နိုင်မှ ခေတ်ကိုမီနိုင်လေရာ သို့ဖတ်ခြင်းမှာလည်း စာတစ်အုပ် တလေမျှ ဖတ်ရုံနှင့်မပြီး။ နောက်ဆုံး ပေါ်သမျှ၊ အသစ်အဆန်းထွင်သမျှ စာကိုဖတ်နိုင်မှ ခေတ်ကိုမီလျက် ခေါင်းဆောင်၍ နည်းသစ်၊ လမ်းသစ်၊ အကြံအသစ်များကို ထွင်နိုင်ဖို့ရှိပေမည်။ သို့မဟုတ်ချေက အချက်ကောင်း၊ အခွင့်လမ်းကောင်းများကို အခြားသူများ အသုံးပြုပြီး မိမိမှာ နောက်ယောင် နောက်ပါသာ ဖြစ်နိုင်လေသည်။

mgyoe.com

mg


မြန်မာလူမျိုးတို့မှာ အင်္ဂလိပ်စာတတ်သူတို့သည် မြန်မာဘာသာသို့ ပြန်ဆိုသော ကျမ်းများကို မဖတ်လိုကြချေ။ ၎င်းတို့မဖတ်ဖူးသော အင်္ဂလိပ် ကျမ်းအချို့ကို မြန်မာဘာသာဖြင့် ပြန်ဆိုထားသောကျမ်း ဖြစ်ခြေက အင်္ဂလိပ် စာမဟုတ်သောကြောင့် မဖတ်ဘဲနေလျှင် အသိနောက်ကျဖို့သာ ရှိလေသည်။ ထို့ပြင် မိမိ၏ ဘာသာစကားကို ရှုတ်ချရာကျသဖြင့် မျိုးချစ်စိတ်ကင်းမဲ့ ရာသို့ ရောက်လေသည်။ ဂျပန်လူမျိုးများမှာ အနောက်တိုင်း အင်္ဂလိပ်၊ ဂျာမနီ စသည့် ဘာသာများမှ ပြန်ဆိုသောကျမ်းများကို ဖတ်ကြသဖြင့် ယခုအခါ ဥရောပတိုင်းသားတို့၏ အဆင့်အတန်းများကိုမီလျက် ဥရောပ တိုင်းသား များကိုပင် အချို့သော ဌာနများ၌ လွှမ်းမိုးစပြုကြသည်ကို သိရလေသည်။ ဂုဏ်သရေရှိ M.A အောင်သူ ဟိန္ဒူ၊ ဘင်္ဂါလီ လူမျိုးတစ်ယောက် သည် ဘင်္ဂါလီမဂ္ဂဇင်းတစ်အုပ်ကို ဖတ်၍နေရာ စာရေးသူက ခင်ဗျား ဘင်္ဂါလီမဂ္ဂဇင်း များကိုလည်း အဖတ်သားကိုးဟု ပြောဖူးရာ ၎င်းလူက ကျွန်တော်တို့ဘာသာ စကားကို ကျွန်တော်တို့မှမတတ်လျှင် အဘယ်သူတတ်မှာလဲ။ ကျွန်တော်တို့ ဘာသာစကားဟာ အင်မတန် အဖိုးတန်ပါတယ်ဟု ပြန်ပြောလေသည်။

မြန်မာလူမျိုး အင်္ဂလိပ်စာတတ်များ၌ ထိုဂုဏ်သရေရှိ ဘင်္ဂါလီလူမျိုး ကဲ့သို့ မျိုးချစ်စိတ်ကောင်း အမှန်ရှိသူ၊ မြန်မာလူမျိုးဖြစ်ရခြင်းအတွက် မကြောက်သူ၊ မြန်မာစာကို ကောင်းသည်ဟု မှတ်ထင်လိုက်စားသူ အဘယ်မျှ လောက် များစွာရှိပါသနည်း။ အချို့က မြန်မာဖြစ်လျက်နှင့် ကျွန်တော် မြန်မာလို ကောင်းကောင်းမပြောတတ်လို့ပါ ဟူသော စကားကို ပြောနေကြ ၏။ မြန်မာဖြစ်လျက် မြန်မာပြည်မှာမွေး၍ မြန်မာပြည်မှာနေသူဖြစ်ပါ လျက် နိုင်ငံခြားမှာ လေးငါးဆယ်နှစ် နေရရုံမျှနှင့် မြန်မာစကားကို နိုင်ငံခြားဘာသာစကားလောက် မတတ်ခြင်းသည် မျိုးချစ်စိတ်ကင်းမဲ့သူ၊ မိမိဘာသာစကားကို ရှုတ်ချသူ၊ မြန်မာဘာသာကို မလေးမစားလောက်သော ဘာသာ၊ အောက်ကျနောက်ကျသောစကားမျိုးဟု သဘောထားသူ၊ မြန်မာ စာအုပ်ကို ကိုင်ရမှာရှက်သူ၊ လွန်စွာကြောင်သူဖြစ်သည်ဟူ၍သာ ဒိဋ္ဌယုံကြည် ဖို့ရှိလေရာ ထိုကဲ့သို့သော ခေါင်းဆောင်အချို့ကို နိုင်ငံရေး၌ပင် တွေ့ရှိ လေရာ ထိုခေါင်းဆောင်မျိုး၏ စိတ်ကို အဘယ်ပုံထုံးမြတ် ကိုးစားလောက် သည်ဟု ပြောနိုင်ပါမည်နည်း။ အမျိုးကိုချစ်လျှင် လေးစားရမည်။ စာသည်

mgyobe.com

mgyoe.com


လူမျိုးပိုင်ပစ္စည်းဟူသမျှတွင် အမြတ်ဆုံးဖြစ်၏။ သို့ပါလျက် ထိုအမြတ်ဆုံးသောပစ္စည်းကို အဖိုးမတန်ဟု သဘောထားကာ မဖတ်ဘဲနေကြလျှင် အမျိုးသားကို ရှုတ်ချရာသို့ရောက်လေရာ ထိုကဲ့သို့ ရှုတ်ချသူတို့အား အဘယ်နည်းဖြင့် လွတ်မြောက်ရေးအတွက် ကိုးစားယုံကြည်လောက်ပါမည်နည်း။

စီးပွားရှာသူတို့မှာ စာကိုဖတ်မှ စိတ်ကူးဉာဏ်အသစ်ကို ရနိုင်၏။ သတင်းစာဖတ်ရာ၌လည်း သတင်းတစ်ခုခုမှ စိတ်ကူးဉာဏ်တစ်ခုခုကို ရနိုင်လေရာ ထိုစိတ်ကူးဉာဏ်ဖြင့် စီးပွားခံစားရမည့် အကျိုးစီးပွားမှာ အဖိုးမဖြတ်နိုင်အောင် ကြီးကျယ်နိုင်လေသည်။

ဟင်နရီဖို့ဒ်သည် မြင်းမပါသော ရထားများအကြောင်းကို မဂ္ဂဇင်းတစ်အုပ်၌ ဖတ်မိသဖြင့် စိတ်ကူးရပြီး ဖို့ဒ်မိုတာအလုပ်ကြီးကို တည်ထောင်ခဲ့လေသည်။ ထိုနည်းဖြင့် စာဖတ်ရင်း စိတ်ကူးဉာဏ် အသစ်အဆန်းရရာ ကြီးပွားသူတို့သည် အရေအတွက်အားဖြင့် မြောက်မြားစွာရှိကြလေသည်။

သို့ဖြစ်လေရာ စာဖတ်ခြင်း၌ ရည်ရွယ်ချက်ကို ထားကြရမည်။ ထိုရည်ရွယ်ချက်မှာ ဤစာ၌ပါရှိသော ဤအချက်ကို ငါအဘယ်ပုံ အကျိုးဖြစ်အောင် သုံးရပါမည်နည်း။ ငါ၏အလုပ်အတွက် ဟိုအချက်ကလေးကို သုံးလျှင် အဘယ်မျှ အကျိုးရှိမည် စသည်ဖြင့် ဆင်ခြင်ကာ သတိထား၍ ဖတ်အပ်လေသည်။

စာဖတ်ခြင်းသည် တိုးတက်ကြီးပွားခြင်း၏ လှေကားဖြစ်လေရာ တက်လိုက ဖတ်ကြစေသတည်း။

အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းကိုတတ်လျှင် တရားအကြောင်းတို့ကို သိကြရပေလိမ့်မည်။ ကူးသန်းရောင်းဝယ်ရေး အတတ်ဆိုင်ရာကျမ်းကို ဖတ်လျှင်ကား သူဋ္ဌေးဖြစ်နိုင်၏။ ငါသိပြီ၊ ငါတတ်ပြီ၊ ငါဖတ်ရန်မလိုဟု တွေးတောနေသော၊ မိမိတို့ကိုယ်ကိုယ် အထင်ကြီး၍နေသော ရူးပေါပေါ လူတစ်မျိုးသည် ရှိ၏။ ထိုလူမျိုး၏စိတ်၌ ထိုအထင်ပေါ်ပေါက်တိုင်း ငါရူးလို့ပဲဟု စိတ်ချလက်ချ ယုံကြည်ကြရမည်။

အကြောင်းမူကား လောက၌ သိစရာ၊ တတ်စရာ၊ မှတ်စရာတို့သည် အဆုံးမရှိအောင် များစွာရှိကြလေရာ ထိုအထင်မျိုးရှိသူသည် မိမိကိုယ်ကိုယ် ဘုရားနှင့်နှိုင်းသူ၊ ဘုရားကိုဂုဏ်ပြိုင်သော ပိုးစုန်းကြူးဖြစ်လေရာ

mgyoe.com

mgyoe.com


အမှောင်အမိုက်ကောင်ဖြစ်သော လင်းနို့၏ဝမ်းတွင်းသို့ရောက်ကာ အမိုက်မှ အမိုက်အလှေးဖြစ်ကာ လင်းနို့ချေးအဖြစ်သို့ ရောက်ဖို့သာ ရှိပေသတည်း။

ပီမိုးနင်း

mgyoe.com

mgyoe.com

# စိတ်ညစ်ခြင်း

လူတို့၌ စိတ်ညစ်ခြင်းသည် ရောဂါတစ်ခုပင်ဖြစ်၏။ ခန္ဓာကိုယ်၌ အမှီပြုသောဓာတ်တို့၏ ဖောက်ပြန်ခြင်းသည် (၉၆)ပါးသောရောဂါဟု ခေါ်ဆို သကဲ့သို့ စိတ်ညစ်ခြင်းကို စိတ်၌ဖြစ်သောရောဂါဟု ခေါ်အပ်၏။ ထိုစိတ်ရောဂါကို လူတို့သည် အလိုရှိမှသာလျှင် ခံစားနိုင်ကြ၏။ အလို မရှိပါမူ ထိုရောဂါမှ ရှောင်တိမ်းနိုင်ခွင့်ရှိလေသည်။ စိတ်ရောဂါသည် သုံးမျိုး ခွဲခြားမှတ်သားအပ်၏။

၁။ ကြီးကျယ်သော စိတ္တဇရောဂါ။

၂။ အနည်းငယ် စိတ်ပျက်ဖွယ်ကလေးများ။

၃။ နောင်ရေးကိုတွေး၍ စိတ်ညစ်ခြင်း။

ဤသုံးမျိုးတွင် တစ်အချက်မှာ ပုထုဇဉ်တို့ မထိန်းသိမ်းနိုင်အောင် ပူလောင်စေတတ်သော ပရိဒေဝမီးမျိုးဖြစ်၍ မရှောင်သာသဖြင့် တွေ့ခဲ့မူ စိတ်ကို ကြိုးစား၍ ပြုပြင်နိုင်သမျှ ပြုပြင်ပြီးလျှင် ခံစားဖို့ပင်ဖြစ်၏။ နှစ်အချက်မှာ အတော်အတန် စိတ်ညစ်သဖွယ် ဖြစ်ပေါ်လာသော ကိစ္စကလေး များကိုပင် ချဲ့ထွင်လျက် မနေတတ် မထိုင်တတ် စိတ်ညစ်တတ်ကြ၏။ ကလေးငိုသံကိုကြား၍ စိတ်ညစ်ခြင်း၊ ကုလားတွေ စကားများသံကြောင့် စိတ်ညစ်ခြင်း၊ မယားကဆူသဖြင့် စိတ်ညစ်ခြင်း၊ ရည်းစားထံက စာမရောက် သဖြင့် စိတ်ညစ်ခြင်း၊ စာအုပ် ဘယ်နေရာထားမိမှန်းမသိသဖြင့် စိတ်ညစ် ခြင်း စသော သေးငယ်သည့် အမှုကိစ္စတို့ကို စိတ်၌ အနှောင့်အယှက် ဖြစ်အောင် ညစ်ညူးခံ၍ နေတတ်ကြ၏။

mgyoe.com

mgyoe.com

ထို့ပြင် သုံးအချက်မှာ နောင်ကို ဘယ်လိုဖြစ်၍ ဘာကိုလုပ်ရမည်ဟု မသိပါဘဲလျက် စိတ်ကူးနှင့်တွေးပြီး တမြည့်မြည့် ဆွေးစရာတို့ ပေါ်ပေါက်ကာ စိတ်ညစ်တတ်ကြ၏။ အမေရိကန် ရေနံဘုရင်ဟုခေါ်သော သူဌေးကြီး ဂျွန်ဒီရော့ဖဲလားသည် "ကင်ဆာ"ခေါ် အူနာဖြစ်မည်ကို အမြဲတွေး၍ ပူပန်တတ်၏။ သို့သော် အသက်(၉၂)နှစ်တိုင် ရှိခဲ့သည်အထိ ထိုရောဂါ မဖြစ်ခဲ့ချေ။ အဆိုပါအနာမျိုးမှာ ခေတ္တမျှပေါ်၍ တစ်ခါတည်း ရှင်းရှင်း ပျောက်နိုင်သဖြင့် ကြောက်လန့်ဖွယ်မဟုတ်ကြောင်းကို သိသင့်၏။ အချို့ သူဌေးကြီးများမှာ ချောင်းအနည်းငယ်ဆိုး၍ အစာမဝင်လျှင် "ကွန်ဆမ်ရှင်း" ခေါ် ချောင်းဆိုးသွေးပါ ဖြစ်လိမ့်မည်ထင်လျက် အတွေးနှင့် ပူဆွေးညစ်ညူး တတ်ကြ၏။

ထိုကဲ့သို့ အကြောင်းမဟုတ်သည်ကို ကြံဖန်၍လည်းကောင်း၊ မဆိုလောက်သော အဖြစ်အပျက်ကလေးများကြောင့်လည်းကောင်း၊ အဖိုးထိုက်တန်သော သင်၏စိတ်ကို အညစ်ညူးမခံပါနှင့်။ စိတ်ညစ်လျက်ရှိသော အချိန်တို့မှာ အချည်းအနှီး ဖြစ်တတ်ကြ၏။ ထိုအချိန်ကလေးအတွင်း၌ ဖြစ်ပေါ်လာတတ်သော အချက်အလက်ကောင်းတို့ကို ယူငင်ဖမ်းဆီးရန် လစ်ဟင်းတတ်၏။ စိတ်ညစ်ခြင်းသည် အလေ့အကျင့်ပင်ဖြစ်၍ ညစ်စရှိလျှင် ညစ်ညူးတတ်၏။ ပယ်ဖျောက်စရှိမှသာလျှင် ကင်းရှင်းနိုင်မည်။ စိတ်မညစ်တတ်သောသူ၌ ရောဂါနည်းပါး၏။ အမြဲပျော်ရွှင်၏။ အသက်ရှည်၏။ လာဘ်များ တိုးတက်၏။ ကြီးပွားခြင်းနည်းလမ်းများကို မကြာခဏ တွေ့ကြုံရ၏။ စိတ်ညစ်တတ်သူ၏ အိမ်၊ ဈေးဆိုင် စသည်တို့သည် သာယာခြင်းမရှိ။ အိမ်ပူနာဆာ ဖြစ်တတ်၏။ လာဘ်ပိတ်တတ်၏။

အချို့ တိုက်ဆိုင်ကြီးများ၌ အုပ်ချုပ်သူသည် မိုးလင်း၍ဆိုင်တွင်းသို့ ဝင်လာလျှင်လာချင်း "ဒရဝမ် ဘယ်မလဲဟေ့... ငွေထိန်းစာရေးကော ခုထိ မလာသေးဘူးလား၊ မိုးကလည်း ဘယ်တော့မှ တိတ်မယ်မဟုတ်ပါဘူးကွာ" စသည်ဖြင့် စိတ်ညစ်သံကိုပြု၏။ စာရေးကလည်း မနေ့ကဖိုင်တွဲတွေ ဘယ်မှာထားမိမှန်း မသိသဖြင့် မျက်နှာမှုန်လျက် ခပ်သုန်သုန်နေ၏။ လက်နှိပ်စက်စာရေးမှာ ကာဗွန်မကောင်းသဖြင့် မိမိလုပ်ငန်းများကို မှန်ကန်အောင် မလုပ်နိုင်ဘဲ အမှားမှားအယွင်းယွင်းနှင့်ပင် လုပ်ကိုင်လျက်ရှိကြ၏။

mgyoe.com